


## အိပ်ချ်အိုင်ဗွီ ဖြင့်နေထိုင်ခြင်း

အိပ်ချ် အိုင်ဗွီရောဂါဖြင့် သင် သို့မဟုတ် သင်ခင်မင်တွယ်တာရ သူတစ်ဦး အိပ်ချ်အိုင်ဗွီရောဂါ ရှိနေသည်ကို သိနေခြင်းသည် ခက်ခဲပါသည်။ အထူးသဖြင့် မတူညီသော ဘာသာစကားနှင့်ယဉ်ကျေးမှု နောက်ခံရှိသူများအတွက် အမှန်ပင်ခက်ခဲပါသည်။ သင့်ပူပင်သောကများနှင့်အခက်အခဲများကို တစ်ဦးတစ်ယောက်နှင့် မျှဝေခံစားခြင်းဖြင့် လွယ်ကူပြီး စိတ်ရှုပ်ထွေးမှု သက်သာစေပါသည်။

### သင့်အားကူညီထောက်ပံ့မည့်ဝန်ထမ်းကို

- သင့်ကျန်းမာရေး (သို့မဟုတ်) သင် ခင်မင်တွယ်တာရသူ၏ ကျန်းမာရေးသတင်းအချက်အလက်များအား သင်နားလည်အောင်ကူညီရန်
- သင့်ကြောင့်ကြမှုနှင့်အခြေအနေကို ဖွင့်ဟတိုင်ပင်ရန်
- သင့်အခြေအနေအား သင့်မိသားစုနားလည်အောင်ကူညီရန်
- သင့်လိုအပ်ချက်များကို ဆရာဝန်နှင့်လူမှုရေးဝန်ထမ်းများ နားလည်အောင်ကူညီရန်
- သင့်အတွက် ဆေးရုံ၊ဆေးခန်းသို့ချိန်းဆိုမှုများကို အတူလိုက်ပါနိုင်သူ အလိုရှိပါသလား

Multicultural HIV and Hepatitis Service (MHAHS) မှ သင့်လိုအပ်ချက်များကို ကူညီနိုင်ပါသည်။ ကျွန်ုပ်တို့တွင် အိပ်ချ်အိုင်ဗွီနှင့်အေအိုင်ဒီအက်စ် ရောဂါခံစားနေရပြီး ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်ရင်ဆိုင်နေရပုံကို သဘောပေါက်နားလည်သော တွဲဖက်ဝန်ထမ်းများဟုခေါ်သည့် အာရှ ၊ အာဖရိက၊ ဥရောပ၊ အရှေ့အလယ်ပိုင်း နှင့် တောင်အမေရိက နောက်ခံများမှလာသည့် အကူအညီပေးသူ ကျား၊မ ဝန်ထမ်းများရှိပါသည်။ ထိုဝန်ထမ်းများက သင့်စိတ်ခံစားမှုများအား နှစ်သိမ့်အားပေးပြီး သင်နှင့်အသုံးတည့်သောဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများထံ ရောက်အောင်ကူညီနိုင်ပါသည်။ သင်နှင့်ဝန်ထမ်း နှစ်ဦးစလုံး အဆင်ပြေမည့် အချိန်ကိုညှိနိူင်း တွေ့ဆုံနိုင်ပါသည်။

### ကျွန်ုပ်၏အခြေအနေကို မည်သူတွေများ သိသွား လိမ့်မည်လဲ

သင့်လူမျိုးနှင့်အသိုင်းအဝိုင်းများက သင့်အခြေအနေကိုသိသွားမည်ကို စိတ်ပူသောကြောင့် သင့်လူမျိုးဖြစ်သောဝန်ထမ်းကိုခေါ်ရန် စိတ်ပူကောင်း စိတ်ပူနေပေလိမ့်မည်။

Multicultural HIV and Hepatitis Service က သင့်အကြောင်း မပေါက်ကြားစေရန် အောက်ပါအချက်များဖြင့် ဆောင်ရွက်ပေးပါသည်။

- သင့်အမည်မှန် ပေးရန်မလိုပါ။
- ကျွန်ုပ်တို့ဝန်ထမ်းများသည် သင့်ခွင့်ပြုချက်မရရှိဘဲ အခြားဘယ်သူ့ကိုမျှ သင့် ဆွေးနွေးမှုအား ပြောခွင့်မရှိခြင်းကို မည်မျှအရေးကြီးကြောင်း သိကြပါသည်။
- ကျွန်ုပ်တို့ဝန်ထမ်းများအား ဩစတြေးလျနိုင်ငံဆေးဝန်ထမ်းများအားလုံး လိုက်နာရမည့်တင်းကြပ်သည့် ဥပဒေ၊ ပြစ်ဒဏ်များဖြင့် ထိမ်းချုပ်ထားပါသည်။
- သင့်ခွင့်ပြုချက်မရရှိဘဲ အခြားမည်သည့် အဖွဲ့အစည်းကိုမှ သင့်သတင်းအချက်အလက်များ ပေးမည်မဟုတ်ပါ။
- ကျွန်ုပ်တို့ဝန်ထမ်းများသည် အသက်မွေးဝမ်းကျောင်းမှုအမျိုးမျိုးမှ ဝင်ရောက်လာသူများဖြစ်ရာ အိပ်ချ် အိုင်ဗွီနှင့်အေအိုင်ဒီအက်စ်လုပ်ငန်းများကို ၄င်းတို့ အသိုင်းအဝိုင်းက လုံးလုံးလျားလျားမသိနိုင်သောကြောင့် သင့်အတွက်လုံခြုံစိတ်ချရပါသည်။

အချို့သောဝန်းကျင်အသိုင်းအဝိုင်းမှလူများက အိပ်ချ်အိုင်ဗွီရောဂါရှင်များကိုမလိုလားကြပါ။ ကျွန်ုပ်တို့ဝန်ထမ်းများသည် ဤကိစ္စတွင် အလွန်ကျွမ်းကျင်ပြီး သေချာစွာ ရွေးချယ်သင်တန်းပေးထားသူများဖြစ်ပါသည်။ အကယ်၍သင့်တကိုယ်ရည်လုံခြုံမှုအတွက် ပူပန်နေသေးသည်ဆိုပါက အခြားသောလူမျိုး၊ဘာသာအသိုင်းအဝိုင်း နောက်ခံရှိသောဝန်ထမ်းကို မေးမြန်းရယူနိုင်ပါသည်။

### သင့်ရဲ့အခွင့်အရေး

ကျွန်ုပ်တို့၏လူနာအနေဖြင့် သင့်ကိုလေးစားစွာဆက်ဆံကြမည်ဖြစ်ပြီး သင်၏ကိုယ်ရေးကိုယ်တာကိစ္စများကိုလည်းမပေါက်ကြားအောင် ထိန်းသိမ်းထားမည်ဖြစ်သည်။ သင့်ကို ထိုသို့ဆက်ဆံသည်ဟု သင်မခံစားရပါကတိုင်တန်းခွင့်ရှိပါသည်။ မန်နေဂျာထံသို့စာရေး၍လည်းကောင်း၊ ဖုန်းဆက်၍လည်းကောင်း ဆက်သွယ်တိုင်တန်းနိုင်ပါသည်။

### မည်မျှကုန်ကျမည်နည်း

ကုန်ကျစရိတ်မရှိပါ။ မယ်ဒီကဲကဒ် သို့မဟုတ် အခြားမှတ်ပုံတင် တစ်စုံတစ်ရာမျှ မလိုအပ်ပါ။

## မည်သို့ ဆက်သွယ်ရမည်နည်း

သင်ကိုယ်တိုင် (သို့မဟုတ်) သင်၏ဆရာဝန် (သို့မဟုတ်) လူမှုရေးဝန်ထမ်းမှ တဆင့်လည်း ကျွန်ုပ်တို့ကို ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းမှာ (၀၂) ၉၅၁၅ ၁၂၃၄ ဖြစ်ပြီး ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။ ကျွန်ုပ်တို့ဝန်ထမ်းများမှာ အချိန်ပြည့်ဝန်ထမ်းများ မဟုတ်ကြသော်လည်း သင့်အတွက် ဝန်ထမ်းတစ်ဦးဦးနှင့်တွေ့ ဆုံရန် တချိန်ချိန်ကို စီစဉ်ပေးနိုင်ပါသည်။
ဘာသာပြန်အတွက် ဆက်သွယ်ရန် ဖုန်း မှာ ၁၃၁ ၄၅၀ ဖြစ်ပြီး မြို့တွင်းဆက်သွယ်ခသာ ကုန်ကျပါသည်။
ထိုနံပါတ်ကိုခေါ်၍ လိုအပ်သောဘာသာပြန်ကိုတောင်းဆိုပြီး စောင့်ဆိုင်းပါ။ ဘာသာပြန်ဖုန်းလိုင်းပေါ်ရောက်သောအခါ ကျွန်ုပ်တို့၏ဖုန်း နံပါတ်ပေးပြီး သင့်အတွက် ခေါ်ပေးရန်တောင်းဆို၍ ဘာသာပြန်၏အကူအညီဖြင့် ကျွန်ုပ်တို့ကိုဆက်သွယ်ပြောဆိုနိုင်ပါသည်။

ဤစာစောင်ကို အင်တာနက်လိပ်စာ www.mhahs.org.au တွင်အင်္ဂလိပ်ဘာသာရော မြန်မာဘာသာဖြင့်ပါ ရရှိနိုင်ပါသည်။

## အသုံးဝင်သောဆက်သွယ်ရန်နံပါတ်များ

မည်သည့်ဝန်ဆောင်မှုကိုမဆို ဆက်သွယ်လိုလျှင် ဘာသာပြန်လိုအပ်ပါက ပထမဦးစွာ ၁၃၁ ၄၅၀ ကိုခေါ်ပြီး တယ်လီဖုန်းအော်ပရေတာကိုဆက်သွယ်လိုသည့် နံပါတ်ခေါ်ပေးရန် တောင်းဆိုပါ။

အိပ်ချ်အိုင်ဗွီ နှင့် အေအိုင်ဒီအက်စ် သတင်းဌာနဖုန်းလိုင်း ၀၂ ၉၃၃၂ ၉၇၀၀ (သို့) ၁၈၀၀ ၄၅၁ ၆၀၀
နယူးဆောက်ဝေး အေအိုင်ဒီအက်စ်ကောင်စီ ၀၂ ၉၂၀၆ ၂၀၀၀
ဆစ်ဒနီမြို့ လိင်ဆက်ဆံမှုဆိုင်ရာကျန်းမာရေးဌာန ၀၂ ၉၃၈၂ ၇၄၄၀